[၁]

တိဗ္ဗိပေါ်မှ ကြော်ငြာ၏ဆွဲဆောင်မှုကြောင့် ကျွန်တော့်ဇနီးက ပေါ်ပြူလာဖြစ်နေသော လေ့ကျင့်ခန်းစက်ကို ရက်-၃၀ အစမ်းပြုလုပ်ခွင့် ဖြင့်မှာကြားလိုက်သည်။ နှစ်ပါတ်ကြာသောအခါ သူမကဝင်းကိုမဝယ်ရန် ဆုံးဖြတ်လိုက်ပြီး၊ ပစ္စည်းပို့ဆောင်ပေးသော ကုမ္ပဏီကို ဝင်းအားလာယူ ရန်ဖုန်းဆက်လိုက်သည်။

နောက်တနေ့တွင် ကုမ္ပဏီမှ ယာဉ်မောင်းက ကျွန်တော်တို့အိမ် သို့ရောက်လာသည်။ "အို၊ ဟင့်အင်း၊ ဒါမျိုးတွေတော်ပါတော့" သူကပြော သည်။ "ဒီပစ္စည်းတွေကို ပို့လိုက်၊ ပြန်ယူလိုက်နဲ့ ကျွန်တော်တစ်ချိန်လုံး လုပ်နေရတယ်။ ဒီပစ္စည်းကနေ လေ့ကျင့်ခန်းတွေ ရနေတဲ့သူက ကျွန်တော်ပါပဲဗျာ"

[၂]

ခွဲစိတ်ထားပြီးသော လူနာတစ်ယောက်က သူမလက်မှချုပ်ရိုး များဖြေရန်အတွက် ကျွန်တော်ဆေးခန်းဆီသို့လာသည်။ စမ်းသပ်သော စားပွဲပေါ်တွင် သူမထိုင်နေစဉ် ကျွန်တော်က သူမရှေ့ရှိ ခွေးခြေတစ်လုံး ပေါ်တွင်ထိုင်နေသည်။ ကျွန်တော်ကရှေ့သို့ကုန်းပြီး ပထမချုပ်ရိုးကို စတင်ဖြေသောအခါ သူမ၏အလန့်တကြားရှေ့ရှုတ်သံကိုကြားရသည်။ ကျွန်တော်တသူမ၏စိတ်တင်းကြပ်မှုကိုပြေလျော့စေရန် ကြိုးစားလျက် ပြောသည်။ "နာလို့ရှိရင် ပြောချင်တဲ့စကားကိုသာ လွတ်လွတ်လပ်လပ် ပြောချလိုက်"

သူမကတုန့်ဆိုင်းခြင်းမရှိဘဲ၊ ကျွန်တော့်ကိုငုံကြည့်လျက် ပြော လိုက်သည်။ "ရှင်ထိပ်ပြောင်တော့မယ်"

[၃]

၁၉၂၄ ခု၊ နွေရာသီက ကျွန်တော် ၄-နှစ်အရွယ်ကလေးတစ်